**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**စိုက်ပျိုးရေးဦးစီးဌာန**
**လျှောက်လွှာနောက်ဆုံးလျှောက်ထားရမည့်ရက် ပြင်ဆင်သတ်မှတ်ခြင်း**

**ကြော်ငြာစာအမှတ်- ၄ /၂၀၂၃**
**၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း( ၂ )ရက်**
**၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ( ၁၄ )ရက်**

၁။ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ အခြေခံပညာ အထက်တန်းကျောင်း(၅၁)ကျောင်းတွင် လစ်လပ်လျက်ရှိသော လစာနှုန်း(ကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)အဆင့်ရှိ နည်းပြ(စိုက်ပျိုးရေး/မွေးမြူရေး)(၁၀၂/၁၀၂)နေရာ၊ လစာနှုန်း(ကျပ် ၁၉၈၀၀၀-၂၀၀၀-၂၀၈၀၀၀)အဆင့်ရှိ ဒုတိယနည်းပြ(စိုက်ပျိုးရေး/မွေးမြူရေး)(၁၀၂/၁၀၂)နေရာ၊ လစာနှုန်း (ကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)အဆင့်ရှိ ဒုတိယလက်ထောက်ဦးစီးမှူး(ကွင်းဆင်းလက်ထောက်) (စိုက်ပျိုးရေး/မွေးမြူရေး)(၅၁/၅၁)နေရာ၊ စုစုပေါင်း အမှုထမ်း(၅၁၀)နေရာအတွက် သတ်မှတ် အရည်အချင်းကိုက်ညီသူများအား ၁၀ - ၁၁ -၂၀၂၃ ရက်နေ့ နောက်ဆုံးထား လျှောက်ထားနိုင်ကြောင်း ၂၀ - ၁၀ -၂၀၂၃ နှင့် ၂၁ - ၁၀ -၂၀၂၃ ရက်နေ့တို့တွင် ထုတ်ဝေသည့် မြန်မာ့အလင်းသတင်းစာ၊ ကြေးမုံသတင်းစာနှင့် ဝန်ကြီးဌာန Website တို့တွင် ထည့်သွင်းကြော်ငြာခဲ့ပါသည်။

၂။ အထက်ပါ လျှောက်လွှာခေါ်ယူမှုအတွက် နောက်ဆုံးထား လျှောက်ထားရန် သတ်မှတ်သည့် ၁၀- ၁၁-၂၀၂၃ ရက်အစား ၁၅- ၁၂-၂၀၂၃ ရက်နေ့အား ပြောင်းလဲပြင်ဆင်သတ်မှတ်လိုက်သည်။

၃။ နည်းပြနှင့် ဒုတိယနည်းပြရာထူးများအတွက် အရည်အချင်းစစ်ရေးဖြေစာမေးပွဲကို ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ်တွင် မြန်မာစာ၊ အထွေထွေဗဟုသုတ၊ အင်္ဂလိပ်စာတို့အား မေးခွန်းတစ်ခုလျှင် (၂)နာရီဖြင့် အောက်ပါနေ့ရက်များအတိုင်း ဖြေဆိုရမည်ဖြစ်သည်။ ယင်းရာထူးများအတွက် ရေးဖြေ စာမေးပွဲဖြေဆိုခွင့် ကတ်ပြားများကို ၂၉ - ၁၂ -၂၀၂၃ ရက်နေ့တွင် နေပြည်တော်ရုံးအမှတ်(၄၃)၊ စိုက်ပျိုးရေးဦးစီးဌာန၊ မူဝါဒ၊ စည်းမျဉ်းနှင့် ဝန်ထမ်းရေးရာဌာနခွဲ၊ ဝန်ထမ်းရေးရာဌာနစိတ်(၇)တွင် ဖြေဆိုမည့်သူကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ပြားပြသ၍ ရုံးချိန်အတွင်း ထုတ်ယူရပါမည်။

| စဉ် | ဖြေဆိုရမည့်ဘာသာရပ် | နေ့ရက် | အချိန် |
|---|---|---|---|
| (က) | မြန်မာစာ | (၃၀ - ၁၂ - ၂၀၂၃) | ( ၁၀:၀၀ နာရီ မှ ၁၂:၀၀ နာရီထိ ) |
| ( ခ ) | အထွေထွေဗဟုသုတ | (၃၀ - ၁၂ - ၂၀၂၃) | ( ၁၃:၀၀ နာရီ မှ ၁၅:၀၀ နာရီထိ ) |
| ( ဂ ) | အင်္ဂလိပ်စာ | (၃၁ - ၁၂ - ၂၀၂၃) | ( ၁၀:၀၀ နာရီ မှ ၁၂:၀၀ နာရီထိ ) |

၄။ ဒုတိယလက်ထောက်ဦးစီးမှူး(ကွင်းဆင်းလက်ထောက်)ရာထူးအတွက် အရည်အချင်းစစ် ရေးဖြေ စစ်ဆေးခြင်းကို နေပြည်တော်စာစစ်ဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ်စာစစ်ဌာနများတွင် တစ်ပြိုင်တည်း ကျင်းပမည်ဖြစ်ပါ၍ မိမိတို့ဖြေဆိုမည့်စာစစ်ဌာန(၁)ခုကို ဖော်ပြလျှောက်ထားရမည်ဖြစ်ပြီး အဆိုပါ စာစစ်ဌာန၌သာ ဖြေဆိုခွင့်ပြုမည်ဖြစ်သည်။ ယင်းရာထူးအတွက် အရည်အချင်းစစ် ရေးဖြေစာမေးပွဲ

ကို(၃၀ -၁၂ -၂၀၂၃) ရက်နေ့(နံနက် ၁၀း၀၀ နာရီ)၌ မြန်မာစာ၊အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတ ဘာသာရပ်များ ပါဝင်သော (၂)နာရီမေးခွန်းဖြင့် ဖြေဆိုရမည်ဖြစ်သည်။

၅။ ယင်းရာထူးအတွက် ရေးဖြေစာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို (၂၉ - ၁၂ -၂၀၂၃)ရက်နေ့၌ တိုင်းဒေသကြီး/ပြည်နယ်စာစစ်ဌာနများတွင် ဖြေဆိုသူများအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူးရုံးများ၌လည်းကောင်း၊ နေပြည်တော်စာစစ်ဌာနတွင် ဖြေဆိုသူများအနေဖြင့် ရုံးအမှတ် (၄၃)၊ စိုက်ပျိုးရေးဦးစီးဌာန၊ မူဝါဒ၊စည်းမျဉ်းနှင့် ဝန်ထမ်းရေးရာဌာနခွဲ၊ ဝန်ထမ်းရေးရာဌာနစိတ်(၇)၌ လည်းကောင်း ဖြေဆိုမည့်သူကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ပြားပြသ၍ ရုံးချိန်အတွင်း ထုတ်ယူ ရပါမည်။

၆။ ရေးဖြေအောင်မြင်သူများအား လူတွေ့စစ်ဆေးမည့် အစီအစဉ်ကို ထပ်မံအကြောင်းကြားမည် ဖြစ်ပြီး သိရှိစုံစမ်းလိုပါက စိုက်ပျိုးရေးဦးစီးဌာန Website www.doa.gov.mm/doa နှင့် အပိုဒ်(၇)ပါ ဖုန်းနံပါတ် များကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

၇။ အသေးစိတ်သိရှိလိုပါက စိုက်ပျိုးရေးဦးစီးဌာန၊ တယ်လီဖုန်းအမှတ်- ၀၆၇-၃၄၁၀၃၂၅/ ၀၆၇- ၃၄၁၀၅၁၇/၀၆၇-၃၄၁၀၁၄၃ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

စိုက်ပျိုးရေးဦးစီးဌာန